**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ**

**၂၀၁၈ခုနှစ်၊ ခြောက်လပတ်အစည်းအဝေး**

**ထုတ်ပြန်ကြေညာချက်**

၂၀၁၈ခုနှစ်၊ ဩဂုတ်လ(၄)ရက်

အတိုင်ပင်ခံပုဂ္ဂိုလ်များ၊ ထိပ်ပိုင်းခေါင်းဆောင်များ၊ နိုင်ငံရေးနှင့်စစ်ဖက်ဆိုင်ရာ အရာရှိများ၊ ဒေသဆိုင်ရာ တပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်း ပြည်တပ်မတော်(RCSS/SSA)၏ ၂၀၁၈ခုနှစ်၊ ခြောက်လပတ် အစည်းအဝေးအား ဩဂုတ်လ (၁)ရက်နေ့မှ (၄)ရက်နေ့အထိ လွယ်တိုင်းလျှန်း ဗဟိုဌာနချုပ် တွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ပြီးခဲ့သည့် ခြောက်လတာကာလအတွင်း ဌာနအသီးသီးမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအား ပြန်လည်သုံးသပ် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး အောက်ပါထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်အပ်ပါသည်။

၁။ အစည်းအဝေးတွင် (၆)လတာ (၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ-ဇွန်လ) ကာလအတွင်း RCSS/SSA မှ ဆောင်ရွက်ခဲ့သော နိုင်ငံရေး၊ အမျိုးသားညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့်အခြား လုပ်ငန်းကိစ္စရပ်များအား ဆွေးနွေးသုံးသပ်ခဲ့ပြီး ရှေ့လုပ်ငန်းစဉ်များ စုပေါင်းချမှတ်ခဲ့ပါသည်။

၂။ သက်တမ်းသုံးနှစ်နီးပါးရှိပြီ ဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)၏ ကောင်းကျိုး၊ ဆိုးကျိုး၊ အားသာချက်၊ အားနည်းချက်များအား ပြန်လည်သုံးသပ်ခြင်းများပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကြုံတွေ့ရသည့် ပြဿနာများအား ညှိနှိုင်းဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာ၍ နိုင်ငံရေး ဆွေးနွေးပွဲများမှတဆင့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်နိုင်ရေး ကြိုးပမ်းသွားမည်။

၃။ ငြိမ်းချမ်းရေး ရရှိရန်အတွက် တိုင်းရင်းသား တော်လှန်ရေး လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးနှင့် ပူးပေါင်း၍ ကြိုးပမ်းလုပ်ဆောင်သွားမည်။

၄။ သျှမ်းအမျိုးသားညီညွတ်ရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ကြောင့်ကြမိကြောင်း စာရေးသား ပေးပို့လာကြသည့် ပြည်တွင်း ပြည်ပ သံဃာတော်များ၊ မိဘပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို ဦးထိပ်ပန် အလေးအနက် အသိအမှတ်ပြုပြီး သျှမ်းအမျိုးသား ညီညွတ်ရေး မပြိုကွဲရေးအတွက် သံဃာတော်များနှင့် မိဘပြည်သူများ၏ သဘောထား ဆန္ဒအတိုင်း ကြိုးပမ်းဆောင်ရွက်သွားမည်။

၅။ ပြည်သူလူထုအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများအား တတ်နိုင်သမျှ ဆောင်ရွက်သွားမည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ